# "Fragmented Sovereignty" over Property Institutions: Developmental Impacts on the Chin Hills Communities

## ပိုင်ဆိုင်မှုဆိုင်ရာ ဌာနဆိုင်ရာ၊ ယန္တရားအုပ်ချုပ်မှုနှင့် အစီအမံများအပေါ် "အစိတ်စိတ်အမွှာမွှာကွဲနေသည့် အချုပ်အခြာ အာဏာပိုင်မှု" - ချင်းတောင်တန်းဒေသမှ ဒေသခံများအပေါ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သက်ရောက်မှုများ

ဆဲဆူးမာ့ခ် (SiuSue Mark)

ပြည်တွင်းစစ်၏ အမွေအနှစ်များနှင့် အသွင်ကူးပြောင်းနေရသည့် အုပ်ချုပ်ရေးစနစ် တစ်ခု အတွင်း အစိုးရနှင့် အစိုးရ မဟုတ်သော အာဏာပိုင်များအကြား တရားဝင်မှု အသိအမှတ်ပြုမှုကို အနိုတုယှဉ်ပြိုင်နေမှုများတွင် မြေယာနှင့် ပတ်သက် အုပ်ချုပ်စီမံခန့်ခွဲနိုင်မှုသည် အဓိက ဖြစ်လာခဲ့သည်။ ဤသည်မှာ လက်ရှိတွင် အသွင်ကူးပြောင်းမှုကို ဖြတ်သန်းနေပြီး ၁၉၄၈ခုနှစ် လွတ်လပ်ရေး ရသည့် အချိန်မှစ၍ များစွာသော တိုင်းရင်းသား လူနည်းစု လက်နက်ကိုင် အုပ်စုများနှင့် ဗမာ လွှမ်းမိုးသည့်အစိုးရတို့ကြား လက်နက်ကိုင်ပဋိပက္ခများကြောင့် ပြည်ထောင်စုအဖြစ် တစ်စု တစ်စည်းတည်း စည်းလုံးညီညွတ်စွာ ရပ်တည်နိုင်ရန် စိန်ခေါ်မှု များစွာကို ရင်ဆိုင်နေရသည့် မြန်မာနိုင်ငံ၏ အခြေအနေပင်ဖြစ်ပါသည်။

ဤအချက်သည် ဒေသခံပြည်သူများအပေါ် မည်သို့ သက်ရောက်သည်ကို နားလည်နိုင်ရန်စာရေးသူသည် ချင်းပြည်နယ်အတွင်း၌ ၂၀၁၃ခုနှစ်တွင် သုတေသန လုပ်ခဲ့ပါသည်။ မြေတစ်ခုတည်းကိုသာ မဟုတ်၊ မြေကို စီမံ အုပ်ချုပ်သည့်အင်စတီကျူးရှင်းများ "အစိတ်စိတ်အမွှာမွှာကွဲနေသည့် အချုပ်အခြာ အာဏာပိုင်မှု" **(Lund 2011)** ဟူသော သဘောတရားကို အခြေပြု၍ ဤ သုတေသနကို လုပ်ဆောင်ပါသည်။ "မြေနှင့် ဆိုင်သောအင်စတီကျူးရှင်း များ"ဟုရည်ညွှန်းကြပြီး ဤသည်မှာ "နိုင်ငံတော်အစိုးရသို့မဟုတ် အခြားသော နိုင်ငံရေး–ဥပဒေ အာဏာပိုင် တစ်မျိုး မျိုး"မှ ကျောထောက်နောက်ခံပြုပေးသော "ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ ယဉ်ကျေးမှုနှင့်လူမှုရေးဆိုင်ရာ စံနှုန်း များ"ဖြစ်သောကြောင့် မြေပိုင်ဆိုင်မှု အနေအထားသည် အစိုးရနှင့်ဒေသခံလူလူချင်း ဆက်ဆံမှုအပေါ် အများကြီး မူတည် ပါသည်။ **(Sikor and Lund 2009: 4)**

နိုင်ငံသား အခွင့်အရေးများ ကဲ့သို့ပင် အိမ်ခြံမြေ ပိုင်ဆိုင်ခွင့်များသည် မည်သူက မည်သည့် ရင်းမြစ်များကို ရရှိ မည်ကို လွှမ်းမိုးပေးနိုင်သဖြင့် နိုင်ငံရေးထမှာ ပါပါသည်။ ထိုအခွင့်အရေး နှစ်မျိုးလုံးသည် "တရားဝင် အာဏာပိုင် တစ်မျိုးမျိုးက ထုတ်လုပ်၊ ထောက်ခံ၊ ခွင့်ပြုသော အနက်အဓိပ္ပာယ်" ရှိသော်လည်း တရားဝင်မှုဆိုသည်မှာ "ပဋိပက္ခ နှင့် ညှိနှိုင်းဆွေးနွေးမှုများမှတဆင့် စဉ်ဆက် မပြတ် (ထပ်ခါတလဲလဲ ပြန်လည်) အကောင်အထည် ဖော်ဆောင်" ရ မည်ဟု ဆိုသဖြင့် **(Sikor and Lund 2009: 8)** နိုင်ငံတည်ဆောက်ရေးတွင် မြေအသုံးပြုခွင့်၊ ပိုင်ဆိုင်ခွင့်နှင့် ထိန်းချုပ်ခွင့်ကို ဆုံးဖြတ်ပေးနိုင်သည့် အခွင့်အရေးများကို ခွင့်ပြုပေးနိုင်သောအာဏာသည် မည်သူထံတွင် ရှိပါသနည်း နှင့် ထိုအာဏာသည် မည်သည့်အပေါ်တွင် အခြေခံသနည်းဟူသည့် အဓိကကျသည့် မေးခွန်း ရှိလာပါသည်။

ဤမေးခွန်းကို ဖြေဆိုရန် လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာနိုင်ငံပေါ်ပေါက်လာသည့် အချိန်နိုင်ငံတော်ကို "ယှဉ်ပြိုင်သော နေရာ" **(Jessop 2007: 37)**တစ်ခုအဖြစ် တွေးကြည့်ဖို့ လိုအပ်ပါသည်။ ၁၉၄၇ခုနှစ်တွင် ပင်လုံ စာချုပ်ကို လက်မှတ် ရေးထိုးခြင်း အားဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ပြည်နယ်ပေါင်းများစွာ ပါဝင်သော ပြည်ထောင်စု ဗမာနိုင်ငံတော် ဖြစ်လာမည်ဟု တိုင်းရင်းသား အုပ်စုများက မျှော်လင့်ခဲ့သည်။ အောင်ဆန်းအနေဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ကတိများပေးခဲ့နိုင်သော်လည်း အထူးသဖြင့်၁၉၆၂ခုနှစ်တွင်စစ်ဘက်မှအာဏာသိမ်းပြီး နောက်ပိုင်း ဗမာများကသာ မြန်မာနိုင်ငံတော်ကို လွှမ်းမိုး ကြီးစိုးလာခဲ့သည်။ ယနေ့အချိန်ထိ တိုင်းရင်းသား အုပ်စု အများစုသည် မြန်မာနိုင်ငံတော်အစိုးရ၏ တိုးချဲ့မှုများကို နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်ယန္တရားများမှတဆင့် ဗမာ များ၏ အကျိုးစီးပွားကို တိုးချဲ့ခြင်း အဖြစ် သာ မြင်နေကြသည်။

ယခင်ကထိရောက်မှု မရှိခဲ့သည့်အုပ်ချုပ်မှုစနစ်အဟောင်းကို အရေခွံလဲသကဲ့သို့ချွတ်ချပြီးအုပ်ချုပ်မှုအာဏာကို တည်တံ့ခိုင်မြဲအောင် အခွင့်ကောင်းများကို တိုးပွားစေနိုင်သည့်စနစ်သစ်တစ်ခုကို ကျင့်သုံးရန် ကြိုးစား သဖြင့် နိုင်ငံ တစ်နိုင်ငံ အနေဖြင့် အချုပ်အခြာအာဏာကို ပိုမိုခိုင်မာအားကောင်းရန် လိုအပ်သည်။ "တရားဥပဒေစိုးမိုးရေး"ကို မြှင့် တင်ခြင်းသည် ဤအချက်၏ အဓိကသော့ချက်ဖြစ်သည်။ နိုင်ငံတော်၏ တရားဥပဒေဆိုင်ရာလုပ်ပိုင်ခွင့်အာဏာကိုတိုး ချဲ့မှုတွင်၂၀၁၂ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော လယ်ယာမြေဥပဒေနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းစီမံခန့်ခွဲမှု ဥပဒေတို့က ပုံ ဖော်ပေးခဲ့သောပုဂ္ဂလိက ပိုင်ဆိုင်မှုပုံစံနည်းစနစ်တစ်ခုကို စတင်မိတ်ဆက်လိုက်ခြင်း ပါဝင်သည်။ ထိုသို့ နိုင်ငံ တည်ဆောက်ရေးအတွက် အချက်အချာ ကျသော နိုင်ငံ နယ်နိမိတ် တစ်ခုလုံး အတွင်း မြေပိုင်ဆိုင်မှု စနစ်တစ်ခုတည်း ကို အသက်သွင်းခြင်းသည် "မြေနှင့် အင်စတီကျူးရှင်း ဆိုင်ရာ လုပ်ပိုင်ခွင့် အာဏာတို့ကို ထပ်ခါတလဲလဲ တည်ဆောက် ဖွဲ့စည်းခြင်း" **(Sikor and Lund 2009: 2)**နှင့် ဆက်စပ်နေပါသည်။ အကယ်၍ နိုင်ငံတော်အစိုးရတွင်သာ ပြည် သူများအတွက် မြေပိုင်ဆိုင်မှုကို ခိုင်မာအောင် လုပ်ပေးနိုင်သည့် စွမ်းရည် ရှိလျှင် နိုင်ငံတော် အစိုးရသည် နိုင်ငံတော်–

နိုင်ငံသားတို့၏ ဆက်ဆံရေးကို ပိုမိုကောင်းမွန်အောင် ပံ့ပိုးပေးနိုင်မည်။

ဤစာတမ်းသည် ချင်းပြည်နယ်တွင် အမျိုးသားအဆင့်လုပ်ရှားမှု၊ အင်အားများ မည်သို့ လှုပ်ရှားနေကြသည်ကို သုံးသပ်လေ့လာပါသည်။ မြန်မာနိုင်ငံရှိ တောင်ပေါ်ဒေသနေ လူထုများထဲတွင် ချင်းလူမှုစီးပွားစနစ်များသည် ယခုအချိန်ထိ လက်နက်ကိုင် ပဋိပက္ခ၊ လူဦးရေတိုးပွားလာမှုနှင့် ဈေးကွက်စီးပွားရေးကိုတံခါးဖွင့်ပေးလာမှုတို့ကြောင့် အနှောင့်အယှက်ခံရမှု အတော်အသင့်နည်းပါးခဲ့သည်။ ထို့ကြောင့် ၎င်းတို့သည် ရှေးယခင်က ရိုးရာဓလေ့ထုံးတမ်းစဉ်လာအတိုင်း အများပိုင်မြေစီမံခန့်ခွဲမှု အလေ့အထများကို အတော်များများ ဆက်လက် ထိန်းသိမ်းထားနိုင်ခဲ့ကြသည်။ ယခုအခါ ဓလေ့ထုံးတမ်းစဉ်လာအရ မြေပိုင်ဆိုင်သည့် အင်စတီကျူးရှင်းများနှင့် ပုဂ္ဂလိက မြေပိုင်ဆိုင်သော အင်စတီကျူးရှင်းများအကြားရင်ဆိုင်တိုက်ခိုက်မှုသည် အတော်ပင် သိသာထင်ရှားသည်။ နိုင်ငံတော် အစိုးရက ထောက်ခံပေးထားသည့် ပုဂ္ဂလိကမြေပိုင်ဆိုင်မှု ဥပဒေများကို ချင်းပြည်နယ်တွင် မဖြစ်မနေ လိုက်နာ ဆောင်ရွက်စေခြင်းသည် အချို့သောဒေသများတွင် မြေယာ အသုံးပြုနိုင်မှုကို ခြိမ်းခြောက်သောကြောင့် ပိုမိုဆိုးရွားသော အသက်မွေးဝမ်းကျောင်းမှုများနှင့်  ဆင်းရဲနွမ်းပါးမှု ဒဏ်ကို ပိုမို ထိခိုက်လွယ်မှုသို့ ရောက်သွားစေသည်။ ဤသို့သော အင်စတီကျူးရှင်းများအကြား တင်းမာမှုကြောင့် ချင်းအမျိုးသားတပ်ဦးအပါအဝင် နိုင်ငံရေးပါတီများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများကဲ့သို့သော နိုင်ငံရေး ရပ်တည်မှုများထံမှ တန်ပြန်တောင်းဆိုမှုများကိုလည်း ဖြစ်ပေါ်လာစေခဲ့သည်။

မကြာသေးခင်က ပဋိပက္ခလွန် အခြေအနေမျိုးကြုံရသော မြန်မာနိုင်ငံတွင် နိုင်ငံအတွင်း များစွာသောအကျိုးရလဒ်များကို ပေးနိုင်သဖြင့် အာဏာရင်းမြစ် တစ်စုံတစ်ရာက ဆုံးဖြတ်မည့် အစား မြေပိုင်ဆိုင်မှုဆိုင်ရာ အင်စတီကျူးရှင်းများကို ပူးတွဲ၍ ထုတ်လုပ်ခြင်းက ပိုကောင်းမည်ဟု ဤသုတေသနတွင် နိဂုံးချုပ် ကောက်ချက်ချပါသည်။ တစ်ခါတစ်ရံတွင်နိုင်ငံ၏အချုပ်အခြာအာဏာကို ပိုမိုစိန်ခေါ်မှုရှိလာပြီး အခြားအခါများတွင်လည်း နိုင်ငံတော်အစိုးရ၏လုပ်ပိုင်ခွင့်အာဏာသို့ မြေယာအခွင့်အရေးများကို ကာကွယ်ရန် အယူခံဝင်နိုင်သည်။

ချင်းပြည်နယ်တွင်အစိုးရနှင့်မြေစီမံခန့်ခွဲမှုမှုဆိုင်ရာ အင်စတီကျူးရှင်းများ တည်ဆောက်ခြင်းအပေါ် ညှိနှိုင်းဆွေးနွေးမှုများကြောင့် ရာစုနှစ်ပေါင်းများစွာကြာအောင် အနှောင့်အယှက်မရှိ သီးခြား ကျန်နေခဲ့သူ ဒေသခံပြည်သူများသည် အစိုးရနှင့် ပိုမို နီးကပ် ရင်းနှီးသော ထိတွေ့မှု ရှိလာသဖြင့် နိုင်ငံတော် အစိုးရအုပ်ချုပ်ခံ ပြည်သူ ဆက်ဆံရေးများကို ပို၍ ကောင်းမွန်နိုင်အောင် ပံ့ဖော်ပေးနိုင်ပါသည်။ “မြေပိုင်ဆိုင်မှုသည် မိမိသက်ဆိုင် ပါဝင်သည်ဟူသော ခံစားမှုနှင့် နိုင်ငံသားဖြစ်ခြင်းဟူသော ခံစားမှုများကို ပိုမိုခိုင်မာ အားကောင်းစေနိုင်”သည့်အတွက် နိုင်ငံတော်အနေဖြင့် မြောက်များစွာသော ပြည်သူလူထုအတွက် မြေယာလုံခြုံမှုကို ပိုခိုင်မာအားကောင်းစေခြင်းဖြင့် နိုင်ငံတော်၏အချုပ်အခြာ အာဏာကို တိုးချဲ့ နိုင်သည်မှာ နိုင်ငံတော်၏ အကျိုးစီးပွားအတွက်သာ ဖြစ်ပေသည်။